# အသိပေးကြေညာချက်

ရက်စွဲ။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၆ ရက်

၁။ အာရှနိုင်ငံများသို့ တင်ပို့သည့်ပို့ကုန်များအတွက်ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ(၄၅)ရက် အတွင်းလည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်းလည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်းစိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၂ ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ အဆိုပါ သတ်မှတ်ချက်အရ ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်ပပို့ကုန်တင်ပို့ပြီးနောက် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေပေးသွင်းရန်ကျန်သည့် ကုမ္ပဏီစာရင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ပေးပို့ခြင်း၊ တစ်ချိန်တည်းတွင် သက်ဆိုင်ရာ AD ဘဏ်များသို့ အကြောင်းကြားခြင်း၊

(ခ ) ကုန်သွယ်ရေးဦးစီးဌာနသည် အဆိုပါကုမ္ပဏီစာရင်းကို ပို့ကုန်ရငွေပြန်လည်ပေးသွင်းနိုင်ရေးအတွက် UMFCCI သို့ ထပ်ဆင့်အကြောင်းကြားခြင်း၊

(ဂ ) ကုန်သွယ်ရေးဦးစီးဌာနက ကုမ္ပဏီများသို့ အသိပေးအကြောင်းကြားပြီးနောက် ရက်သတ္တ (၂) ပတ်အတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပိတ်သိမ်းခြင်း၊

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ကြောင်း စာရင်းရှင်းလင်းပြီးသည့် ကုမ္ပဏီများစာရင်းကို ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားလာပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပြန်လည်ဖွင့်လှစ်ပေးခြင်း။

၃။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းမှုမရှိသည့် ကုမ္ပဏီများအား အထက်ပါအစီအမံအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပိတ်သိမ်းပြီးသည့်တိုင် စာရင်းရှင်းလင်းမှုမရှိသည့်ကုမ္ပဏီများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၂-က အရ လည်းအရေးယူသွားမည်ဖြစ်သဖြင့် ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း အပြီးပေးချေသွားကြရန် အသိပေးအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**